ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No. 6 Dong Zhi Men Wai Street, Chao Yang District,
Beijing 100600, People's Republic of China
Tel : 0086 10 6532 0351, 6532 0412
Fax : 0086 10 65320408

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးလိုသည့် မြန်မာနိုင်ငံသားများအနေဖြင့် ကြိုတင်မဲအဆိုပြု ပုံစံ (၁၅) များအချိန်မီ ပေးပို့ပေးနိုင်ပါရန်နှင့် ပုံစံ (၃) များပေးပို့လျှောက်ထားနိုင်ရေး ထပ်မံနှိုးဆော်ကြေညာခြင်း

(ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၁၃ ရက်)

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် မြန်မာနိုင်ငံ၌ ကျင်းပပြုလုပ်မည့် ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တရားဝင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများမှ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ကြိုတင်ဆန္ဒမဲပေးနိုင်ရေး အဆိုပြုလာသည့် ပုံစံ (၁၅) များကို မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် ၁၅-၈-၂၀၂၀ ရက်နေ့အထိ ရက်တိုးမြှင့် လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် မြန်မာသံရုံး၊ ပေကျင်းမြို့သို့ ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅) ဖြင့် ပေးပို့အဆိုပြုထားပြီးဖြစ်သည့် မြန်မာနိုင်ငံသားများအနေဖြင့် မဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မိမိတို့၏ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် မိမိအမည် ပါ/မပါ မိမိ၏ မိသားစုဝင်တစ်ဦးဦး (သို့မဟုတ်) မိမိနေထိုင်သည့် ရပ်ကွက်/ ကျေးရွာအုပ်စုအတွင်းရှိ အသိမိတ်ဆွေ တစ်ဦးဦးအား ကြည့်ရှုစေ၍ စိစစ်ပေးကြပါရန်နှင့် မိမိအမည် မပါရှိပါက မိမိအမည်အား မဲစာရင်းတွင် ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ (၃) များကို ဖြည့်စွက်၍ မြန်မာသံရုံး၊ ပေကျင်းမြို့သို့ ၁၅-၈-၂၀၂၀ (စနေနေ့) ရက်နေ့နောက်ဆုံးထားကာ ပြန်လည်ပေးပို့ပေးနိုင်ပါရန် ကြေညာခဲ့ပြီးဖြစ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့အနေဖြင့် မြန်မာနိုင်ငံသားများ၏ ဖြည့်စွက်ပြီး ပုံစံ (၁၅) နှင့် ပုံစံ (၃) များအား စိစစ်၍ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရွေးကောက်ပွဲကော်မရှင်တို့သို့ အချိန်ကန့်သတ်ချက်ဖြင့် ပေးပို့ရခြင်းဖြစ်ပါ၍ ပုံစံ (၁၅) များနှင့် ပုံစံ (၃) များကို ၁၅-၈-၂၀၂၀ (စနေနေ့) ရက်နေ့ နောက်ဆုံးထားကာ ပေးပို့ပေးကြပါရန် ထပ်မံနှိုးဆော်ကြေညာအပ်ပါသည်။ သို့ရာတွင် ပုံစံ (၁၅) ဖြင့် အဆိုပြုထားပြီးဖြစ်သည့် မြန်မာနိုင်ငံသားများ အနေဖြင့် ပုံစံ (၁၅) တွင် ဖြည့်စွက်ထားသည့် မြန်မာနိုင်ငံရှိ မိမိတို့၏ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် **မိမိ၏ အမည်ပါရှိပါက ပုံစံ (၃) ပေးပို့ရန် မလိုအပ်ပါကြောင်း** ဖြည့်စွက် ဖော်ပြအပ်ပါသည်။

အကယ်၍ ပုံစံ (၁၅) တွင် ဖြည့်စွက်ထားသည့် မြန်မာနိုင်ငံရှိ မိမိတို့၏ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် မိမိ၏ အမည် မပါရှိပါကလည်းကောင်း၊ မြန်မာနိုင်ငံရှိ မိမိတို့၏ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု မဲဆန္ဒရှင်စာရင်းတွင် မိမိ၏ အမည် ပါ/မပါ သွားရောက်စိစစ်ရန် အခက်အခဲ ရှိပါကလည်းကောင်း၊ အဆင်မပြေမှု ရှိပါကလည်းကောင်း မြန်မာသံရုံး၊ ပေကျင်းမြို့သို့ ပုံစံ (၃) အား ဖြည့်စွက်၍ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူနှင့် အိမ်ထောင်စုစာရင်းမိတ္တူတို့နှင့် ပူးတွဲလျှောက်ထားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြန်မာသံရုံး၊ ပေကျင်းမြို့

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING